**နေရာထိုင်ခင်းထိန်းသိမ်းရေးကော်မတီ**

**အစည်းအဝေးခန်းမ။ ချီး(ခ)ကလပ်(ခ) (CHEEK-CLARK) အဆောက်အအုံ**

**မတ်လ ၁၅၊ ၂၀၁၂**

## ကြိုဆိုခြင်းနှင့်မိတ်ဆက်ခြင်း

မစ္စစ်လေးဟော့တ် (Ms. Lea Holt) မှအစည်းအဝေးတက်ရောက်လာသူများအားလုံးကိုကြိုဆို၍ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ တက်ရောက်လာကြသောအကြံပေးကော်မတီအဖွဲ့ဝင်များမှာ - ဗာဂျီးနီးယားဘေလေ့ဗ် (Virginia Baillif)၊ စယ်လ်ဗီယာဘလန်း (Sylvia Bland)၊ ဒေးဗစ်ဖရဲလေး (David Fraley)၊ ဂျွန်ဝီလျံ (John Williams)၊ အင်ဂျလာဝူးမက် (Angela Womack)၊ ဒိုနယ်လ်ရိုက် (Donald Wright)၊ ကျော်အောင် (Kyaw Aung)၊ နှင့် စောလောလမူး (Saw Lawla Moo) တို့တက်ရောက်ခဲ့ပါသည်။ ဂျော့စ်ဂျိန်း(စ) (George James)၊ ဂျူနီတာ ဝီလျံ (Juanita Williams) နှင့် ရှောင်းကယ်လ်ဝဲလ် (Shawn Caldwell) အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းမရှိပါ။ ရှောင်း နှင့် ဂျူနီတာတို့သည် OS1 ဂျနေတာတက္ကသိုလ် သို့သွားရောက်နေ၍ဖြစ်ပါသည်။ ထရေစီအက်နရူး (Tracy Agnew)၊ ခရစ်စတိုဖာချယ်ရွန် (Chris Chiron) နှင့် စီမံခန့်ခွဲရေးပံ့ပိုးမှုမှ မေရီကရဲလ်ဗင် (Mary Craven) တို့လည်းတက် ရောက်ခဲ့ပါသည်။

## အစည်းအဝေးမှတ်တမ်းများ- ဖေဖော်ဝါရီ ၂၊ ၂၀၁၂ အစည်းအဝေး

ကော်မတီမှ မတ်လ၁၊ ၂၀၁၂ အစည်းအဝေး၏အစည်းအဝေးမှတ်တမ်းများကိုပြန်လည် ဆန်းစစ် လေ့လာခဲ့ပါသည်။ ဆွေးနွေးခြင်းများနောက်တွင် အင်ဂျလာဝူးမက် (Angela Womack) မှ အစည်းအဝေးမှတ်တမ်းအချက်အလက်များကို အဆိုပြုခဲ့ပြီး ဂျွန်ဝီလျံ (John Williams) ကထောက်ခံခဲ့ပါသည်။ ထိုအဆိုပြုချက်ကိုတခဲနက်တည်းသဘောတူညီခဲ့ကြပါသည်။

## နေရာထိုင်ခင်းထိန်းသိမ်းရေးဒါရိုက်တာရှာဖွေခြင်း

ဒါရိုက်တာရှာဖွေခြင်းကိုလုပ်ဆောင်နေဆဲဖြစ်ပါသည်။ နောက်ထပ် ၃-၄ပတ်အတွင်းတွင် ဆုံးဖြတ်ချက်တစ်ခုကိုကြေငြာနိုင်မည်ဖြစ်ပါသည်။

## အခြားကိစ္စများ

မစ္စဟော့တ် (Ms. Holt) မှ အတွင်းပိုင်းသော့ကိစ္စနှင့်ပတ်သတ်၍ဖော်ပြတင်ပြခဲ့သောယခင်အစည်းအဝေးနှင့် ပတ်သတ်၍ကော်မတီအားပြန်လည်အသိပေးပါသည်။ လက်ရှိစနစ်ကိုပြင်ဆင်နေနိုင်ပြီဖြစ်သဖြင့် သော့များ ကို ဆက်လက်၍အသုံးပြုနိုင်မည်ဖြစ်ပါသည်။ မစ္စဟော့တ် (Ms. Holt) ကဌာနအနေဖြင့် စနစ်တစ်ခုလုံးအား OneCard စနစ်သို့ ခေတ်မှီဆန်းစစ်မှုပြုသင့်မပြုသင့်ဆိုသည်ကို ဆုံးဖြတ်ချက်ချမှတ် မည်ဖြစ်ကြောင်းထပ် ပေါင်းပြောကြားခဲ့ပါသည်။

ဧပြီလ ၂၊ ၂၀၁၂ တွင် သွားဘက်ဆိုင်ရာ ကျောင်းအသစ်အဆောက်အအုံကိုဖွင့်လှစ်မည်ဖြစ်ပါသည်။ ဝန်ထမ်း (ဖုံ ၂၁၅) များသည် အဖွဲ့လိုက်သန့်ရှင်းရေး ပုံစံကိုလိုက်နာရမည်ဖြစ်ပြီး တတိယအဆိုင်းတွင် အလုပ်လုပ်ပါလိမ့်မည်။ လက်ရှိတွင် သွားဘက်ဆိုင်ရာအဆောက်အအုံ အပိုင်းသည် ဒုတိယအဆိုင်းပိုင်း ဖြစ်ပါသည်။ ယင်းကိုတတိယအဆိုင်းသို့ရွှေ့ပြောင်းမည်ဖြစ်ပါသည်။ ဖုံ ၂၁၀ ကို ဒုတိယအဆိုင်းသို့ ရွှေ့ပြောင်းလိုက်မည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် ထိုကိစ္စတွင်ပါဝင်သောဖုံများရှိအလုပ်သမားများအား ထိုလုပ်ငန်းစတင်မည့် ဧပြီ ၂ တွင် မိမိ၏လက်ရှိအဆိုင်းတွင် ဆက်လက်လုပ်ကိုင်ရန် သို့မဟုတ် အခြားအဆိုင်းသို့ရွှေ့ပြောင်းရန် ရွေးချယ်နိုင်ပြီဖြစ်ပါသည်။ ဤအလုပ်သမားများအတွက် အဖွဲ့လိုက် သန့်ရှင်းရေးသင်တန်းများကို မတ်လ၁၉ ရက်နေ့တွင်စတင်မည်ဖြစ်ပါသည်။

မစ္စဟော့တ် (Ms. Holt) ကမန်နေဂျာတိုင်းသည် ယင်းတို့၏ဝန်ထမ်းတိုင်းနှင့်တွေ့ဆုံကာ အဖွဲ့ခေါင်းဆောင် ရာထူး နေရာ နှင့် အဖွဲ့လိုက်သန့်ရှင်းရေး ပုံစံတို့နှင့်ပတ်သတ်သောအချက်အလက်များ ကိုပြောပြ ရှင်းလင်း ပေးသင့်ကြောင်းဖော်ပြခဲ့ပါသည်။ ကော်မတီဝင်များစွာ က ယင်းတို့သည် ဤစာရွက်စာတမ်းများကို မရရှိ သေးကြောင်းဖော်ပြကြပါသည်။ မစ္စဟော့တ်က အသင်းဝင်များကိုမိတ္တူများပေးအပ်ကာ သူမ အနေဖြင့် ဖုံမန်နေဂျာများမှတဆင့် အလုပ်သမားများအနေဖြင့် အချက်အလက်များကိုသိရှိထားပြီး ဖြစ်ကြောင်း သေချာအောင် မေးမြန်းမည်ဟု ပြောကြားခဲ့ပါသည်။ ရာထူးနေရာများကို ၁၀ ရက် ဖော်ပြထား မည်ဖြစ်ပါသည်။

မစ္စတာချယ်ရွန် (Mr. Chiron) ကဖုံမန်နေဂျာများ၊ အဖွဲ့ခေါင်းဆောင်များ နှင့် နေရာထိုင်ခင်းထိန်းသိမ်းသူများ အပါအဝင် အဆိုင်းများအားလုံးတွင် ရာထူးနေရာပေါင်း ၂၅နေရာကိုဌားရမ်းရန်ရှိကြောင်း နှင့် ယင်းတို့မှ ကမ်းလှမ်းမှုများမပြုမှီတွင်လခဆိုင်ရာသဘောတူညီမှုကိုစောင့်ဆိုင်းနေကြောင်းအစရှိသည်တို့ကိုဖော်ပြသွား ပါသည်။

## <u>လုံခြုံရေးဆိုင်ရာလုပ်ဆောင်ချက်</u>

PRM တင်ပြချက်မှရလဒ်များဖြစ်သည့်လုပ်ဆောင်ရန်အဆင့်များထဲမှတစ်ခုမှာ လုံခြုံရေးကိုတိုးမြှင့်ရန် ဖြစ်ပြီး၊ အထူးသဖြင့် တတိယအဆိုင်းမှလုံခြုံရေးကိုတိုးမြှင့်ရန်အတွက် အကြံပေးထောက်ခံခြင်းဖြစ်ပါသည်။ ဆွေးနွေးချက်အတွင်းတွင် အဆောက်အအုံများအကြားတွင်လမ်းလျှောက်စဉ်တွင် ဖြစ်နိုင်သောအန္တရာယ် စိုးရိမ်ဖွယ်ရာများ နှင့် အမှိုက်ပစ်သည့်နေရာများသို့ အမှိုက်များကို ယူဆောင်သွားစဉ်တွင် အချို့သောနေရာ များအထူးသဖြင့် ပရဝုဏ်၏မြောက်ဘက်ပိုင်းသည် အလွန်ပင်မှောင်မဲသည် ဆိုသည့်အကြောင်းများ တို့ပါဝင် ဆွေးနွေးခဲ့ကြပါသည်။ ဤခေါင်းစဉ်ကို အနာဂတ် အစည်းအဝေးများအတွင်းတွင် ဆက်လက်ဆွေးနွေးသွား ကြမည်ဖြစ်ပါသည်။

## <u>အဖွဲ့တည်ဆောက်ခြင်း 4A နှင့် 4B</u>

အဖွဲ့လိုက်ဆောင်ရွက်ခြင်း နှင့် လက်ခံနိုင်လောက်သော အလုပ်နေရာတစ်ခုကို တည်ဆောက်ရန် အတွက် အခြားသော လုပ်ဆောင်ချက်အဆင့်များကိုလည်း ထောက်ခံ အကြံပြုခဲ့ပါသည်။ ကော်မတီဝင်များစွာမှ ဌာနတစ်ဝှမ်းလုံးတွင် အကြီးမားဆုံး ပြဿနာမှာ ရှင်းလင်းပြတ်သား၍ တသမတ်တည်းကျသော ဆက်သွယ်နိုင်မှုများ မရှိခြင်းကြောင့်ဖြစ်သည်ဟု တင်ပြခဲ့ကြပါသည်။ အဖွဲ့လိုက်သန့်ရှင်းရေးလုပ်စဉ် ဆက်သွယ်နိုင်စွမ်းညံ့ဖျင်းမှုကို ဥပမာတစ်ခုအနေဖြင့် ပေးကြပါသည် - ဌာနအတွင်းတွင်ကျင့်သုံးသော အဖွဲ့လိုက် သန့်ရှင်းရေးလုပ်ဆောင်ရာတွင် သဘောပေါက်မှုလွဲမှားခြင်း နှင့် တသမတ်တည်းမကျခြင်း တို့များစွာရှိနေကြောင်း - ပြန်လည်သင်တန်းပို့ချပေးမှသာလျှင် အလုပ်သမားများအနေဖြင့်မိမိတို့ကို တူညီ သော နည်းလမ်းဖြင့်ဆက်ဆံနေခြင်းဖြစ်ကြောင်း၊ မျှော်မှန်းချက်များတူညီစွာထားရှိကြောင်းအစရှိသည် တို့နှင့် ပတ်သတ်သည့် ယုံကြည်မှုကိုယင်းတို့ကြားတွင်ပြန်လည်တည်ဆောက်ပေးနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကော်မတီဝင်တစ်ဦးက အလုပ်သမားများသည် ယင်းတို့နှင့် လူမျိုးတူသည့်သူများနှင့်သာ ပို၍ ဆက်သွယ်ကြကြောင်း၊ အကြောင်းမှာ ယင်းတို့အတွက်ပို၍ ခင်မင်ရင်းနှီးမှုရှိကာ သက်တောင့်သက်သာမှုကို ရှိစေကြောင်းဖော်ပြခဲ့ပါသည်။ ဤအုပ်စုများကိုအတူတကွရင်းနှီးမှုရှိလာစေရန် အချို့သော အကြံပေးချက် များတွင်အောက်ပါတို့ပါဝင်ပါသည်။

- **<u>ယဉ်ကျေးမှုများကိုသင်ယူခြင်း</u>** - အချို့သောဇုံများတွင် မိမိဟင်းကိုယ်စီယူဆောင်လာကာဝိုင်းဖွဲ့ စားသောက်ခြင်းမျိုးကိုလုပ်ဆောင်စေခြင်းအားဖြင့် လုပ်ဖော်ကိုင်ဖက်များအချင်းချင်း ယင်းတို့ကြား မတူညီသော ယဉ်ကျေးမှုများနှင့် မတူညီသည့်အစားအစာများကို လေ့လာ သင်ယူခွင့်ရရှိလာ

ကြပါသည်။ ယေဘုယျသဘောတူညီချက်တစ်ရပ်မှာ ဤသို့သောအခွင့်အရေးများ ကို ဖုံများအတွင်းတွင် ပိုမိုရရှိလာသင့်သည်ဟူ၍ဖြစ်ပါသည်။ အခြားသောအကြံပေးချက်တစ်ခုမှာ မတူညီသောရိုးရာယဉ်ကျေးမှုထုံးစံများ (အားလပ်ရက်များ၊ ဓလေ့များ၊ အစရှိသဖြင့်) များကိုလေ့လာသင်ယူနိုင်သည့်အခွင့်အရေးများကိုပိုမိုပေးအပ်ရန်ဖြစ်ပါသည်။

- **<u>ဘာသာစကားသင်ယူခြင်း</u> -** အချို့သောဖုံများတွင် "ဘာသာစကားလဲလှယ်မှုများ" လုပ်ပြီး ထိုအချိန်တွင် လူတိုင်းသည် ဘာသာစကားများစွာဖြင့် အချို့သောစကားလုံးများ သို့မဟုတ် စကားစုများကို မည်သို့ပြောရမည်ဆိုသည်ကို လေ့ကျင့်သင်ယူကြပါသည်။ ယေဘုယျသဘော တူညီချက်မှာ ယင်းနည်းလမ်းသည်အုပ်စုများကိုအတူတကွရှိလာစေပြီး နားလည်မှုကိုတိုးမြှင့်လာ စေနိုင်သဖြင့် အားပေးသင့်သည်ဟူ၍ဖြစ်ပါသည်။

ရှိသေမှုနှင့် နားလည်မှုကိုတိုးမြှင့်ပေးနိုင်မည့်နည်းလမ်းများနှင့်ပတ်သတ်မည်သို့ ထင်မြင်ချက်ရှိသည်ကို ကော်မတီအား မေးမြန်းခဲ့ပြီး လာမည့်အစည်းအဝေးများတွင် ယင်းကိစ္စနှင့်ပတ်သတ်၍ ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

**<u>နောက်တစ်ကြိမ်အစည်းအဝေး</u>**

နောက်တစ်ကြိမ်အစည်းအဝေးကို မတ်လ ၂၉၊ ၂၀၁၂၊ ကြာသပတေးနေ့၊ မနက်၇း၃၀ တွင် ချီး(ခ်)/ကလပ်(ခ) (Cheek/Clark) သင်တန်းခန်းမတွင်ပြုလုပ်မည်ဖြစ်ပါသည်။